# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 19 , 2022 Volume 59, Number 12


| ၁၉.၁၀.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၄၇ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၀၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၆၀.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၇၅.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၆၄.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၂.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၆၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၅၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၀၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၄.၇၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၄.၉၂၃ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပဲတီစိမ်းနှင့်ပဲနောက်ဈေးမြင့်တက်ကာ ကျန်ပဲမျိုးစုံဈေးကျ

မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေးကုန်စည်ဒိုင်တွင် ပဲမျိုးစုံတို့ဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။ သီတင်းကျွတ်ပိတ်ရက်များမှာ ပဲနှမ်းဈေးကွက်တစ်ခုလုံး ဈေးအေးနေသော်လည်း ပဲတီစိမ်းနှင့်ပဲနောက်ဈေးများမြင့်တက်ကာ ကျန်ပဲများဈေးကျပြီး အရောင်းအဝယ်ဖြစ်နေပါတယ်။

ပဲတီစိမ်းနှင့်ပဲနောက်ဈေးအနေဖြင့် ယခင်တစ်ပါတ် (၇.၁၀.၂၀၂၂)ရက်နေ့နှင့် (၁၄.၁၀.၂၀၂၂)ရက်နေ့တို့၌ ကာလတူနှိုင်းယှဉ်ပါက ပဲတီစိမ်း(၂၀)ပိဿာ (၁)တင်းလျှင် (၂၅၀၀)ကျပ်ဈေး မြင့်တက်သွားပြီး ပဲနောက်(၂၀)ပိဿာ (၁)တင်းလျှင် (၂၀၀၀)ကျပ်အထိ ဈေးမြင့်တက်ကာ အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။

ကျန်ပဲများဖြစ်တဲ့ ပဲစဉ်းငုံ(နီ)၊ မတ်ပဲနှင့် ကုလားပဲအုပ်စုဈေးများလည်း ယခင်တစ်ပါတ် (၇.၁၀.၂၀၂၂)ရက်နေ့နှင့် (၁၄.၁၀.၂၀၂၂)ရက်နေ့တို့တွင် ကာလတူနှိုင်းယှဉ်ပါက ပဲစဉ်းငုံ(နီ)(၂၀)ပိဿာ (၁)တင်းလျှင် (၂၅၀၀)ကျပ်၊ မတ်ပဲ(၂၀)ပိဿာ (၁)တင်းလျှင် (၅၀၀)ကျပ်၊ ကုလားပဲ(မြကြေး) (၁၉)ပိဿာ (၁)တင်းလျှင် (၁၅၀၀)ကျပ်၊ ကုလားပဲ(929) (၁၉)ပိဿာ (၁)တင်းလျှင် (၈၀၀)ကျပ်၊ ကုလားပဲ(HL) (၁၉) ပိဿာ(၁)တင်းလျှင် (၁၀၀၀)ကျပ်၊ ကုလားပဲ(သေး) (၁၉)ပိဿာ(၁)တင်းလျှင် (၁၀၀၀)ကျပ်တို့ အသီးသီးဈေးကျကာ အရောင်းအဝယ်ဖြစ်နေတာကို သိရှိရပါသည်။

**Source:** ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## ရှမ်းပြည်နယ်(တောင်ပိုင်း) ထောပတ်သီးများထွက်ရှိ၍ ဈေးကွက်များသို့တင်ပို့

ထောပတ်သီးများကို ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီး၊ ဟိုပုံး၊ ပင်လောင်း၊ ဆီဆိုင်၊ ရွာငံ၊ ညောင်ရွှေနှင့် ဖယ်ခုံမြို့နယ်များ၌ အများဆုံးစိုက်ပျိုးကြပြီး စိုက်ပျိုးမှုအနေဖြင့် မြန်မာနိုင်ငံ ထောပတ်အသင်း၏ ခန့်မှန်းစာရင်းများအရ ကိုင်းဆက်စိုက်ပျိုးထားမှုအနေဖြင့် ဧက (၁၀၀၀၀ မှ ၁၅၀၀၀)ခန့်ရှိပြီး၊ မျိုးများအနေဖြင့် ဒေသတွင်းမှ ရွေးချယ်ထားသည့် မျိုးကောင်းများ၊ ကယ်လီဖိုးနီးယားမှ မျိုးများအနေဖြင့် Hass, Buccaneer, Pinkerton,Booth 7 စသည့်မျိုးများကို စိုက်ပျိုးထားရှိပြီး၊ ၎င်းကိုင်းဆက်မျိုးများမှ ယခုနှစ်၌ ထွက်ရှိမှုအနေဖြင့် (၁၀၀၀ မှ ၁၅၀၀)တန်ခန့် ထွက်ရှိနိုင်ကြောင်းသိရသည်။ ဈေးကွက်တင်ပို့မှုမှာ အဓိကအားဖြင့် ပြည်တွင်းဈေးကွက်များသို့ အများပိုင်ကုမ္ပဏီ၊ အစုအဖွဲ့များ၊ ကိုယ်တိုင်စိုက်ပျိုးသည့် ခြံပိုင်ရှင်များမှ ကိုယ်ပိုင်အမှတ် တံဆိပ်များဖြင့် အိတ်စွပ်ခြင်း၊ စက္ကူဂျပ်ဖာများဖြင့် ထုပ်ပိုး၍ Online မှ ရောင်းချကြသည်။ အချို့ရောင်းချသူများအနေဖြင့် အသီးရင့်မှည့်မှုကိုအာမခံ၍ ရောင်းချပေးလျက်ရှိပါသည်။ ဈေးနှုန်းများအတွင်း ကိုင်းဆက်

မျိုးများဖြစ်သည့် Hass, Buccaneer, Pinkerton, Booth 7 စသည့်အသီးများကို ၁ ကီလိုလျှင် (၃၀၀၀ မှ ၅၀၀၀) ကျပ်ခန့်၊ အသီးအရွယ်အစား၊ အနာအစာများပေါ်မူတည်၍ ဈေးနှုန်းကွာခြားကြောင်း အဓိကပြည်တွင်းဈေးကွက်များဖြစ်သည့် ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့ကြီးများသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

ယခင်ဒေသသီးများမှာ တစ်ပိဿာလျှင် (၁၅၀၀-၂၅၀၀)ကျပ်ခန့် ဈေးရရှိပြီး အောင်ပန်းပွဲရုံများနှင့် တောင်ကြီးမြို့ရှိ သီးနှံရောင်းဝယ်သူများမှ ပြည်တွင်းဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိပြီး ပြည်ပတင်ပို့မှုမှာ ထိုင်းနိုင်ငံသို့ တာချီလိတ်ပွဲရုံများမှတဆင့် ဒေသသီးများကို ယခုလမှစ၍ အနည်းငယ်တင်ပို့လျက်ရှိကြောင်း ဈေးကွက်မှသိရသည်။

(၂၀၂၀-၂၀၂၁)ဘဏ္ဍာနှစ်အတွင်း ထောပတ်သီးများ ပြည်ပတင်ပို့မှုအနေဖြင့် ပင်လယ်ရေကြောင်းနှင့်နယ်စပ်ကုန်သွယ်မှုများမှ တန်ချိန်(၂၃၈၃-၇၄၀)ခန့် တန်ဖိုးအနေဖြင့် အမေရိကန်ဒေါ်လာ(၀.၅၆၂)သန်းရှိပြီး တာချီလိတ်နယ်စပ်မှ ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့ကြောင်း ကုန်သွယ်ရေးစာရင်းများအရသိရသည်။

ရှမ်းပြည်နယ်တောင်ပိုင်း၌ ထောပတ်သီးများကို ဧကလိုက်စိုက်ပျိုးမှုများပြားပြီး ထွက်ရှိမှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုထွက်ရှိသည့်အတွက် မြန်မာနိုင်ငံထောပတ်သီးအသင်းမှ ဦးဆောင်၍ မိတ်ဖက်အဖွဲ့များနှင့်ပူးပေါင်း၍ ပြည်ပဈေးကွက်များသို့ တင်ပို့နိုင်ရန်အတွက် မြန်မာ့ GAP, Global GAP လက်မှတ်ရရှိအောင် ဆောင်ရွက်ထားရှိပြီး ဈေးကွက်ရရှိရန် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များ၏အကူအညီဖြင့် ထိုင်းနိုင်ငံ၌ကျင်းပပြုလုပ်သည့် Thai FEX ကုန်စည်ပြပွဲတွင်ပါဝင်ပြသခြင်း၊ ဥရောပဈေးကွက်အတွက် ပြင်သစ်နိုင်ငံ၌ပြုလုပ်မည့် SIAL ကုန်စည်ပြပွဲနှင့် Asia Fruit Logistics 2022 ကုန်စည်ပြပွဲများသို့ ကုန်ပစ္စည်းမိတ်ဆက်ခြင်းများနှင့် ဈေးကွက်များရရှိအောင် ဆောင်ရွက်နေကြောင်း သိရပါသည်။

**Source: ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန**

## လ(၂၀)အတွင်း သီလဝါစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံမှုအသစ်(၁)ခုနှင့် ထပ်တိုးပမာဏ ဒေါ်လာသန်း ၉၀ ခန့်သာရှိ

၂၀၂၁ ဖေဖော်ဝါရီကနေ ၂၀၂၂ စက်တင်ဘာလကုန်အထိ သီလဝါအထူးစီးပွားရေးဇုန်အတွင်း အသစ်ဝင်ရောက်ခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှု (၁)ခုနဲ့ ထပ်တိုးရင်းနှီးမြှုပ်နှံမှုပမာဏက အမေရိကန်ဒေါ်လာသန်း (၉၀)ခန့်သာရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ အချက်အလက်တွေအရ သိရှိရပါတယ်။

လ(၂၀)အတွင်း သီလဝါအထူးစီးပွားရေးဇုန်ကိုဝင်ရောက်ခဲ့တဲ့ တစ်ခုတည်းသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရဲ့ FDI က ကန်ဒေါ်လာ (၁၄)သန်း ပမာဏရှိခဲ့ပြီး ရှိပြီးသားလုပ်ငန်းတွေရဲ့ ထပ်တိုးရင်းနှီးမြှုပ်နှံမှုကို ထည့်ပေါင်းလိုက်ရင် ကန်ဒေါ်လာသန်း (၁၀၀) ဝန်းကျင်သာ ရှိပါတယ်။

လုပ်ငန်းအများစုကတော့ ဘိလပ်မြေနဲ့ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းတွေဖြစ်ကြပြီး ကိုဗစ်-၁၉ ကပ်ရောဂါနဲ့အတူ နိုင်ငံရေးဖြစ်စဉ်အပြောင်းအလဲကြောင့် ဇုန်အတွင်းက လုပ်ငန်းအချို့ရပ်ဆိုင်းဖို့ အကြောင်းဖန်ခဲ့တယ်လို့ သိရှိရပါတယ်။ ၂၀၁၄ နိုဝင်ဘာ ၂၅ ရက်ကနေ ယခုနှစ် စက်တင်ဘာလကုန်အထိ နိုင်ငံပေါင်း ၂၁ နိုင်ငံက စီးပွားရေးလုပ်ငန်း ၁၂၂ ခုကို ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်ပြုခဲ့ပြီး အဲ့ဒီအထဲမှာ လက်ရှိစီးပွားဖြစ်စက်ရုံပေါင်း ၁၀၄ ရုံသာ လည်ပတ်လုပ်ကိုင်နေပါတယ်။

ဇုန်အတွင်း နိုင်ငံအလိုက် ရင်းနှီးမြှုပ်နှံမှုကိုကြည့်ရင် ဂျပန်နိုင်ငံက ပမာဏအများဆုံး ရင်းနှီးမြှုပ်နှံထားသူဖြစ်ပြီး စင်ကာပူက ဒုတိယနဲ့ ထိုင်းနိုင်ငံက တတိယအများဆုံးဖြစ်ကာ စက်တင်ဘာလကုန်အထိ ကန်ဒေါ်လာ ၂.၂၈ ဘီလီယံခန့်ရှိတယ်လို့ ခန့်မှန်းထားပါတယ်။ လက်ရှိမှာ ပထမအဆင့် ဇုန် A (၄၀၅.၂၇၅) ဟက်တာကို (၉၉) ရာခိုင်နှုန်းအထိ ဖော်ဆောင်ပြီးစီးသွားတာကြောင့် ဇုန် B ဟက်တာ (၇၀၀) ကို အပိုင်း (၄)ပိုင်းခွဲပြီး ဆောင်ရွက်နေတယ်လို့ သိရှိရပါတယ်။

**Source: BETV Business**

## သီလဝါဆိပ်ကမ်း၌ စက်သုံးဆီဂါလံခြောက်သန်းနီးပါး ဆီချနေပြီး ရန်ကုန်သီလဝါ ဆီလှောင်ကန် လက်ကျန်များ၊ စက်သုံးဆီအရောင်းဆိုင်များနှင့် ဖြန့်ဖြူးမှုလက်ကျန်အခြေအနေများအရ စက်သုံးဆီဖူလုံမှုရှိကြောင်းထုတ်ပြန်

သီလဝါဆိပ်ကမ်း၌ စက်သုံးဆီဂါလံ ခြောက်သန်းနီးပါး ဆီချနေကာ ရန်ကုန်သီလဝါ ဆီလှောင်ကန်လက်ကျန်များ၊ စက်သုံးဆီအရောင်းဆိုင်များနှင့် ဖြန့်ဖြူးမှုလက်ကျန်အခြေအနေများအရ စက်သုံးဆီဖူလုံမှုရှိကြောင်း စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ထုတ်ပြန်ထားသည်။

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စက်သုံးဆီအမျိုးအစားအလိုက် ဖူလုံမှုရှိစေရေး စိစစ်တင်သွင်းဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၇ ရက်က ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းရှိ Terminal များတွင် MT ARDBEG သင်္ဘောသည် ဓာတ်ဆီ 92 Ron သုည ဒသမ ၄၂ ဂါလံသန်းနှင့် ပရီမီယံဒီဇယ်ဆီ ၂ ဒသမ ၈၀ ဂါလံသန်းကိုလည်းကောင်း၊ MT Glory Star သင်္ဘောသည် ရိုးရိုးဒီဇယ်ဆီ ၁ ဒသမ ၂၂ ဂါလံသန်းနှင့် ပရီမီယံဒီဇယ်ဆီ ၁ ဒသမ ၅၀ ဂါလံသန်းကိုလည်းကောင်း၊ ဆီချလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အောက်တိုဘာ ၁၆ ရက်အထိ ရန်ကုန်သီလဝါဆီလှောင်ကန် လက်ကျန်များ၊ စက်သုံးဆီအရောင်းဆိုင်များနှင့် ဖြန့်ဖြူးမှု လက်ကျန်အခြေအနေများအရ စက်သုံးဆီဖူလုံမှုရှိကြောင်း စိစစ်တွေ့ရှိရကြောင်း၊ စက်သုံးဆီဈေးနှုန်းများအနေဖြင့် ယခု ရက်သတ္တပတ်အတွင်း ကမ္ဘာ့စက်သုံးဆီဈေးနှုန်း အနည်းငယ်ကျဆင်းလာပြီး ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမှာ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

စက်သုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီသည် ပြည်တွင်းစက်သုံးဆီ ဖူလုံမှုရှိစေရေး အတွက် စက်သုံးဆီအမျိုးအစားအလိုက် ပုံမှန်စိစစ်တင်သွင်းဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၀ ရက်က ရန်ကုန်တိုင်း ဒေသကြီး သီလဝါဆိပ်ကမ်းရှိ Terminal များတွင် MT YU DONG သင်္ဘောမှ ဓာတ်ဆီ 92 Ron သုည ဒသမ ၀၂ ဂါလံသန်းနှင့် ပရီမီယံဒီဇယ်ဆီ ၂ ဒသမ၈၀ ဂါလံသန်းကိုလည်းကောင်း၊ MT Bowmore သင်္ဘောမှ ဓာတ်ဆီ 92 Ron သုည ဒသမ ၁၄ ဂါလံသန်းကိုလည်းကောင်း ဆီချခဲ့သည်။

အောက်တိုဘာ ၃ ရက်တွင် သီလဝါဆိပ်ကမ်းရှိ Termianl တွင် MT YU HAI သင်္ဘောမှ ဓာတ်ဆီ 92 Ron ဂါလံ ၁ ဒသမ ၈၇ သန်းနှင့် ပရီမီယံဒီဇယ်ဂါလံ ၃ ဒသမ ၁၈ သန်း ဆီချလုပ်ငန်းဆောင်ရွက်ခဲ့သည်။

ပြည်တွင်းစက်သုံးဆီ ဈေးနှုန်းများအနေဖြင့် အောက်တိုဘာ ၁၈ ရက်က ရန်ကုန်တိုင်းဒေသကြီးတွင် ဒီဇယ်တစ်လီတာလျှင် ၂၆၇၅ကျပ်၊ အောက်တိန်း 92 တစ်လီတာလျှင် ၁၉၅၅ ကျပ်၊ အောက်တိန်း 95 တစ်လီတာလျှင် ၂၀၂၅ ကျပ် ရှိခဲ့သည်။ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများအနေဖြင့် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၁ ရက်က ဒီဇယ်တစ်လီတာလျှင် ကျပ် ၂၈၀၀၊ အောက်တိန်း 92 တစ်လီတာလျှင် ၂၀၂၅ ကျပ်၊ အောက်တိန်း 95 တစ်လီတာလျှင် ၂၀၈၀ ကျပ်ရှိခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၁ ရက်က ဒီဇယ်တစ်လီတာလျှင် ကျပ် ၂၄၆၀၊ အောက်တိန်း 92 တစ်လီတာလျှင်၂၀၄၅ ကျပ်၊ အောက်တိန်း 95 တစ်လီတာလျှင် ၂၁၁၅ ကျပ်ရှိခဲ့သည်။ စက်တင်ဘာ ၂၄ ရက်က ဒီဇယ်တစ်လီတာလျှင် ကျပ် ၂၆၄၅၊ အောက်တိန်း 92 တစ်လီတာလျှင်၂၁၅၀ ကျပ်၊ အောက်တိန်း 95 တစ်လီတာလျှင် ၂၂၂၅ ကျပ်ရှိခဲ့သည်။

လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် နေ့စဉ်စက်သုံးဆီ ရည်ညွှန်းဈေးနှုန်းများကို ထုတ်ပြန်ပေးလျက်ရှိရာ မြန်မာ နိုင်ငံတော်ဗဟိုဘဏ် ငွေလဲနှုန်းကို ပုံသေထား၍ စင်ကာပူနိုင်ငံမှ နေ့စဉ်ထုတ်ပြန်သော MOPS ဈေးနှုန်း၊ Premium၊ အလျော့တွက်၊ အမြတ်ရာခိုင်နှုန်း၊ သယ်ယူစရိတ် (Transport Charges) တို့ကို အခြေခံကာ တွက်ချက်ထုတ်ပြန် ပေးခြင်းဖြစ်သည်။

လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်းနှင့်ပူးပေါင်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များ၏ မြို့နယ်များအလိုက် စက်သုံးဆီလိုအပ်ချက်များအတွက် စက်သုံးဆီလက်ကျန် အပေါ်မူတည်၍ ခွဲဝေဖြန့်ဖြူးပေးလျက်ရှိသည်။

**Source:** https://news-eleven.com/article/239028

## တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဘိလပ်မြေတင်သွင်းမှုပိုမို

တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့နေသော ကုန်ပစ္စည်းများမှာ ဘိလပ်မြေနှင့် အိမ်ဆောက် ပစ္စည်းမျိုးစုံတို့တင်ပို့နေပြီး ယခုလအတွင်း ဆောက်လုပ်ရေးလုပ်ငန်းများ ပိုမိုဆောက်လုပ်နေမှုများကြောင့် ဘိလပ်မြေ တင်သွင်းမှု ပိုမိုလျက်ရှိသည်။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလအတွင်း ဘိလပ်မြေတင်သွင်းမှုမှာ တန်ချိန် (၁၆၆၂၀)တန်၊ တန်ဖိုး (၁.၃၄၁)ဒေါ်လာသန်းခန့်ရှိသည်။ ဘိလပ်မြေကို တရုတ်နိုင်ငံမှလည်း တင်သွင်းနိုင်သော်လည်း ထိုင်းနိုင်ငံမှဘိလပ်မြေကိုသာ

တာချီလိတ်ဒေသ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အဓိကထား တင်သွင်းကြကြောင်း သိရှိရသည်။

**Source:**https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade/%E1%80%90%E1%80%AC%E1%80%81%E1%80%BB%E1%80%AE%E1%80%9C%

## ဈေးကွက်လိုအပ်ချက် မြင့်မားလာသည့် ကင်းပုစွန်



https://www.commerce.gov.mm

ထိုင်းနိုင်ငံ တစ်နိုင်ငံလုံးနီးပါးသည် ပင်လယ်စာကို နှစ်ခြိုက်စွာ စားသုံးကြသည့်အလျောက် မြန်မာနိုင်ငံမှထွက်ရှိသည့် ကင်းပုစွန်များကိုလည်း များစွာစားသုံးကြသည်။ ထိုင်းနိုင်ငံသားများသည် ညစာစားပွဲများ၊ ဧည့်ခံပွဲများတွင် ကင်းပုစွန်များကို စားသုံးသည့်အပြင်၊ ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားအများစုမှာလည်း ကင်းပုစွန်များအား နှစ်ခြိုက်စွာစားသုံးကြသဖြင့် ဈေးကွက်လိုအပ်ချက်မြင့်မားလျက်ရှိကြောင်း သိရှိရပါသည်။

မော်တောင်နယ်စပ်ကုန်သွယ်ရေးမှတဆင့် တနင်္သာရီဒေသထွက် ကင်းပုစွန်များ တဖက်နိုင်ငံသို့ နေ့စဉ်တင်ပို့နေရပြီး လက်ရှိပေါက်ဈေးအနေဖြင့် ကင်းပုစွန် 1 Kg လျှင် (၁၁၂၁.၈၅) ဘတ်ဈေးရရှိသည်။ နေ့စဉ်ကင်းပုဇွန် (၅၀၀) Kg မှ (၁၀၀၀) Kg ထိ တင်ဆောင်ထားသည့် (၄) ဘီးကားများ (၈) စီးမှ (၁၂) စီးအကြား တင်ပို့နေရကြောင်း သိရှိရသည်။

**Source:** https://www.commerce.gov.mm/my/article/border-trade-news-update-news-border-areatrade/%E2%80%9C%E1%80%88%E1%80%B1%E1%80%B8%E1%80%80%E1%80%BD%E1

## ဘင်္ဂလားဒေ့ရှ်မှ မြန်မာ့အုန်းသီးခြောက်ကို စစ်တွေမှတစ်ဆင့် ဝယ်ယူတင်သွင်းမှု မြင့်မားလာ



https://www.commerce.gov.mm

မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်မှုကို ကုန်သွယ်မှုဖြင့် အထောက်အကူပြုရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ရခိုင်ပြည်နယ်တွင် စစ်တွေကုန်သွယ်ရေးစခန်း၊ မောင်တောကုန်သွယ်ရေးစခန်းများဖွင့်လှစ်ပေး၍ နယ်စပ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်သွယ်မှုလုပ်ငန်များ လွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှုဆိုင်ရာ အသိပညာပေးရေးနှင့် တရားမဝင်ကုန်သွယ်မှုများ ထိန်းချုပ်ပပျောက်စေရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား နယ်စပ်မှတစ်ဆင့် ကုန်သွယ်မှုမြင့်မားလာသည်နှင့်အမျှ မြန်မာနိုင်ငံမှ ကုန်ပစ္စည်းအမယ်သစ်များ နှစ်စဉ် တိုးတက်တင်ပို့နိုင်လျက်ရှိပါသည်။ မြန်မာ့ထွက်ကုန်ပစ္စည်းများအနက် အုန်းသီးခြောက်ကို စစ်တွေရွှေမင်းဂံဆိပ်ကမ်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်သို့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (၂၀၂၀ အောက်တိုဘာလမှ ၂၀၂၁ စက်တင်ဘာလအထိ)မှစ၍ တင်ပို့နိုင်ခဲ့ကြောင်း၊ ၎င်းဘဏ္ဍာနှစ်တွင် တန်ချိန်စုစုပေါင်း (၁၆)တန်သာ တင်ပို့နိုင်ခဲ့သော်လည်း ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget)ကာလဖြစ်သည့် ၂၀၂၁ အောက်တိုဘာလမှ ၂၀၂၂ မတ်လအထိ (၆)လတာကာလအတွင်း တန်ချိန်(၇၉၈) တန်ထိ တိုးတက်တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ လက်ရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမ(၆)လ (၂၀၂၂ ဧပြီလမှ စက်တင်ဘာလအထိ) ကာလအတွင်းတွင်လည်း တန်ချိန်စုစုပေါင်း (၈၈၈) တန်အထိ ထပ်မံတိုးမြှင့် တင်ပို့နိုင်ခဲ့ကြောင်းနှင့် ဆက်လက်၍ဝယ်လိုအား ဆက်တိုက်ရှိနေကြောင်းသိရသည်။

**Source:** https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade/%E1%80%98%E1%80%84%E1%80%BA%E1%80%B9%E1%80%82%E1%80%9C%E1

## တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောတန်ချိန် ၃၃၉၄ တန် ပိုမိုတင်ပို့နိုင်ခဲ့


https://www.commerce.gov.mm

မြန်မာနိုင်ငံ၌ တစ်သျှူးငှက်ပျောကိုစိုက်ပျိုးပြီး နှစ်စဉ်တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ်တွင် လွယ်ဂျယ်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောတန်ချိန် ၃၃၉၄ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

တစ်သျှူးငှက်ပျောကို တရုတ်နိုင်ငံသို့ နှစ်စဉ်တင်ပို့ရောင်းချလျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှစက်တင်ဘာလအထိ တန်ချိန် ၁၅၁၃၈ တန်၊ တန်ဖိုးအနေဖြင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၆၈ သန်း တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ယခင်နှစ်ကထက် တန်ချိန် ၃၃၉၄ တန်၊ တန်ဖိုးအနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄၆ သန်း ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့သည်။

တစ်သျှူးငှက်ပျောကို ကချင်ပြည်နယ်ရှိ မိုးမောက်မြို့နယ်၊ မံစီမြို့နယ်၊ ရွှေကူမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ငါးအိုးမြို့နယ်တို့၌ အများဆုံး စိုက်ပျိုးလုပ်ကိုင်ကြကြောင်းသိရပြီး စိုက်ပျိုးထွက်ရှိသည့် တစ်သျှူးငှက်ပျောကို လွယ်ဂျယ်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/31636

## ထိုင်းဘတ်ငွေဈေးကျဆင်းပြီး မတည်ငြိမ်တာကြောင့် ပြည်တွင်းငရုတ်သီးအစိုဈေးကျဆင်းနေ


Source: မကွေးဂျာနယ်

ထိုင်းဘတ်ငွေဈေးကျဆင်းပြီး မတည်ငြိမ်တာကြောင့် ပြည်တွင်းငရုတ်သီးအစိုဈေးကျဆင်းနေကြောင်း သိရသည်။

ပြည်တွင်းငရုတ်အစိုဈေးကွက်မှာ တစ်ပိဿာကျပ် ၃၅၀၀-၄၀၀၀ထိ ဈေးကျဆင်းနေပြီး တောင်သူများအတွက် အဆင်မပြေဖြစ်နေကြောင်း၊ အစိုဈေး ကျဆင်းနေတာကြောင့်လည်း ငရုတ်ခြောက် ပြုလုပ်ရောင်းချနေရကြောင်း မြန်မာနိုင်ငံငရုတ်သီးစိုက်ပျိုးထုတ်လုပ် ရောင်းချသူများအဖွဲ့ ငရုတ်အသင်း ဥက္ကဋ္ဌဒေါ်ဥမ္မာကျော်ကပြောသည်။

"လက်ရှိမှာ ငရုတ်ဈေးကွက်က တော်တော်ကျဆင်းနေပါတယ်။ ပြင်ဦးလွင်၊ ရမည်းသင်းဝန်းကျင် အနည်းငယ်လောက်ပဲ လက်ကျန်တွေထွက်ရှိနေပါတယ်။ အခင်းဈေး တစ်ပိဿာကျပ် ၃၅၀၀ လောက်သာ ပေါက်ဈေးရှိတော့တယ်။ သန့်စင်ပြီးဆိုရင် တစ်ပိဿာကျပ် ၄၀၀၀ ခန့် ပေါက်ဈေးရှိပါတယ်။ မြဝတီဖက်တင်ပို့ရောင်းချဈေးက တစ်ပိဿာကျပ် ၅၀၀၀ လောက်ပဲ ဈေးရတော့ မကိုက်လို့ သိပ်မတင်ဖြစ်တော့ဘူး။ လက်ရှိမှာတော့ ဈေးမကောင်းတော့ ၁-၂ စီးလောက်ပဲ သွားတယ်။ အခြောက်ဈေးကွက်အတွက် အဝယ်ကောင်းနေပါတယ်။ ဒီကာလက ရောဂတီ ငရုတ်စိုက်ဒေသတွေမှာ ပျိုးချိန်ပဲရှိသေးတယ်။ လက်ရှိပေါက်ဈေးက တောင်သူတွေအတွက် အဆင်မပြေနိုင်ဘူး. ဘတ်ဈေးက မတည်ငြိမ်ဘူး။ ထိုင်းကိုလည်း တရုတ်ငရုတ်သီးတွေဝင်ချိန်လည်းဖြစ်တော့ ထိုင်းနယ်စပ်မှာ ဈေးကောင်းမရဖြစ်နေတာပါ။ ဈေးကောင်းချိန်ဆိုရင် ငရုတ်အစိုဈေး တစ်ပိဿာ ကျပ် ၁၀၀၀၀ လောက်ပေါက်ဈေးရှိပါတယ်။ လက်ရှိမှာတော့ ထိုင်းငွေဈေးကျလို့ ဈေး ကျတာဖြစ်သလို ငရုတ်ထွက်ချိန်မှာ တူသွားလို့လည်း ဈေးကျဆင်းနေတာပါ" ဟုၚင်းကပြောသည်။

ပုံမှန်ဆောင်းစိုက်အဖြစ် စိုက်ပျိုးမှုများသည့် ငရုတ်သီးများမှာ ဖေဖော်ဝါရီလခန့်တွင် ထွက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။ သွင်းအားစုများ ဈေးမြင့်နေပြီး အချို့ဒေသများတွင် နယ်မြေမတည်ငြိမ်မှုများကြောင့် စိုက်ပျိုးလျော့ကျနေပြီး လာမည့် ငရုတ်သီးထွက်ရှိချိန်တွင် ပြည်တွင်းဈေးကွက်တွင် ဈေးကောင်းရရှိ
နိုင်ကြောင်း ငရုတ်ကုန်သည်များက ခန့်မှန်းသုံးသပ်ထား သည်။

**Source:** မကွေးဂျာနယ်

# STOCK EXCHANGE (19.10.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 19th Oct. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,600 | +200 | +2.13% | 9,400 | 9,600 | 9,400 | 2,220 | 21,005,000 | 33,109,694 | 317,853 |
| MTSH | 00002 | 3,500 | +50 | +1.45% | 3,450 | 3,500 | 3,450 | 1,674 | 5,778,200 | 38,929,150 | 136,252 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 33 | 257,400 | 10,400,986 | 81,128 |
| FPB | 00004 | 21,000 | +0 | +0.00% | 21,000 | 21,000 | 20,000 | 85 | 1,770,000 | 2,472,053 | 51,913 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 0 | 0 | 12,823,224 | 35,264 |
| EFR | 00006 | 2,700 | -50 | -1.82% | 2,700 | 2,700 | 2,700 | 392 | 1,058,400 | 19,977,223 | 53,939 |
| AMATA | 00007 | 5,100 | +0 | +0.00% | 5,100 | 5,100 | 5,100 | 137 | 698,700 | 10,497,598 | 53,538 |


## Market summary

As of 19th Oct. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 419.57 | +4.35 | +1.05% | 414.64 | 419.57 | 414.34 | 4,541 | 30,567,700 | 7 | 729,887 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 19th Oct. 2022

| MYANPIX | 419.57 ▲ 4.35 |
|---|---|
| Total Volume (shares) | 4,541 |
| Total Value (MMK) | 31 mil |
| Listed Company | 7 |
| Market Cap. (MMK) | 729,887 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,600 | ▲ 200 |
| MTSH | 00002 | 3,500 | ▲ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 21,000 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 2,700 | ▼ 50 |
| AMATA | 00007 | 5,100 | ▲ 0 |